

# ပျောက်သွားတဲ့ ဘောလုံး

# The Lost Ball
# ပျောက်သွားတဲ့ ဘောလုံး

Author: Nasrin Mustafa
Illustrator: ASM Tanvir Hassan Raju

Editor: လှူသာမန်
Translators: နေသာ၊ ဆုမြတ်ငွေး၊ လှမိုး

MM-ABP-19-0052
Copyright © 2016 by Room to Read
All rights reserved
Translated by MBAPF under license from Room to Read
Translation Copyright © 2019 by Room to Read

Originally published in Bangladesh by Room to Read in 2016
First Myanmar Language Edition
ISBN – 978-99971-54-46-0

MBAPF

Myanmar Book Aid and Preservation Foundation (MBAPF) is a non-profit charity organization with the goal of improving quality and access to education and information services through community, public and school libraries in Myanmar (Burma).
Learn more at www.mbapf.org

Room to Read

Room to Read ® provides technical assistance services in children's literacy and girls' education.
Learn more at www.roomtoread.org

Room to Read
465 California Street, Suite 1000
San Francisco, CA 94104
USA

Original Version available from:

Room to Read Bangladesh: House - 31
(4th & 5th Floor)
Road - 4, Block - F, Banani Model Town
Dhaka-1213, Bangladesh

ထုတ်ဝေသူ -
ဒေါက်တာသန့်သော်ကောင်း (မှတ်ပုံတင်အမှတ် - ၀၀၂၂၀)
Myanmar Book Centre စာပေတိုက်
အမှတ် (၅၅)၊ အလုံလမ်းနှင့် ဗဟိုလမ်းထောင့်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

Distributed by:
Myanmar Book Centre
အမှတ် (၅၅)၊ အလုံလမ်းနှင့် ဗဟိုလမ်းထောင့်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
Tel: (951) 212 409, 221 271, (959) 731 477 32, 730 159 93
Fax: (951) 221 271
Email: info@myanmarbook.com
www.MyanmarBook.com

ပုံနှိပ်သူ -
ဦးမြင့်သူ (မှတ်ပုံတင်အမှတ် - ၀၁၄၆၇)
Print City Design & Printing
No. 263, Corner of Thein Phyu Street & Maha Bandoola Road,
YMCA Building, Botahtaung Tsp, Myanmar. Tel: 09 965 000 118

# ပျောက်သွားတဲ့ ဘောလုံး



ရှားထက်၊ မင်းသူ၊ အိမွန်နဲ့ ဂျာမီတို့ဟာ ဆော့ကြဖို့ အသင့် ဖြစ်နေပြီ။ ဂျာမီက “နေဦးကွ၊ ငါ့ဘောလုံး သွားယူလိုက်ဦးမယ်” လို့ ဆိုတယ်။






ဂျာမီ သူ့အခန်းထဲကို အမြန် ဝင်သွားတယ်။



သူ့အခန်းက ရှုပ်ပွနေတာပဲ။



“သူ့ဘောလုံးကို ဘယ်ကစပြီး ရှာရပါ့” လို့
ဂျာမီက တွေးတယ်။



ဘောလုံးက သူ့အိပ်ရာပေါ်မှာလား။








**ဟာ!** မရှိဘူးဟာ။





သူ့စားပွဲပေါ်မှာများ
ဘောလုံးရှိနေလား။



အင်း... ဒီမှာလည်း မရှိဘူး။



ရှားထက်က လှမ်းအော်တယ်။
“ဂျာမီရေ မြန်မြန်လုပ်ကွ”



"ခဏလေး။ ငါ့ဘောလုံးကို မတွေ့သေးဘူးကွ" လို့
သူ့အခန်းထဲကနေ ဂျာမီက လှမ်းအော်လိုက်တယ်။





ဘောလုံးက အဝတ်စင်နားမှာလား။
အဝတ်တွေ အောက်မှာလား။



**မရှိဘူး။**

ဒီမှာလည်း ဘောလုံး မရှိဘူး။



ရှားထက်၊ မင်းသူနဲ့ အိမွန်တို့ ဝိုင်းအော်ကြပြီ။
“ငါတို့ ပျင်းလာပြီ။ မစောင့်နိုင်တော့ဘူး ဂျာမီရေ၊
ငါတို့ သွားတော့မယ်ဟေ့။”








ဂျာမီလည်း သူ့ကိုယ်သူ ဒေါသထွက်နေတယ်။
သူ့ဘောလုံးကို ဘယ်မှာမှ ရှာလို့မတွေ့ဘူး
ဖြစ်နေတာကိုး။ ဒါပေမယ့် သူ့အခန်းကတော့
အရင်ထက် ပိုရှင်းလင်းသွားပြီ။

ဟိုး... စင်အမြင့်ပေါ်မှာ ရှိနေတဲ့ ပုံးကလွဲလို့လေ။







“ဒီမှာ တွေ့ပြီ”
ဘောလုံး!



နောက်နေ့မှာပဲ ဂျာမီက သူ့သူငယ်ချင်းတွေကို
သွားရှာတယ်။ သူတို့ အတူတူဆော့ဖို့
ဘောလုံးကလည်း အဆင်သင့် ရှိနေပြီလေ။



Jami wants to play with his friends. But he cannot find his ball in his messy room! He looks on the bed, he cleans off the table, and he sorts through his clothes. Now Jami's room is clean! Will he find his ball now?

## စာရေးသူအကြောင်း



Nasrin Mustafa သည် ၁၉၇၂ ခုနှစ်တွင် မွေးဖွားပြီး Bangladesh University of Engineering and Technology မှ ဗိသုကာ ပညာဖြင့် ဘွဲ့ရခဲ့သည်။ သူမသည် Nobarum လစဉ်ထုတ် လူငယ် မဂ္ဂဇင်းတွင် တည်းဖြတ်သူအဖြစ် လုပ်ကိုင်လျက်ရှိသည်။ ၂၀၁၆ ခုနှစ်တွင် သူမသည် Room to Read ဘင်္ဂလားဒေ့ရှ် မှ စီစဉ်သည့် စာရေးသူများ အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်ခဲ့သည်။

## သရုပ်ဖော်ရေးသားသူအကြောင်း



ASM Tanvir Hassan Raju သည် ၁၉၈၂ ခုနှစ်တွင် မွေးဖွားပြီး University of Dhaka မှ ပုံနှိပ်အနုပညာ အထူးပြုဘာသာရပ်ဖြင့် ဘွဲ့ရခဲ့သည်။ သူသည် Asiatic JWT တွင် Associate Creative Director အဖြစ် လုပ်ကိုင် လျက်ရှိသည်။ ၂၀၁၆ ခုနှစ်တွင် Room to Read ဘင်္ဂလားဒေ့ရှ် မှ စီစဉ်သော သရုပ်ဖော်ရေးသားသူများ အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်ခဲ့သည်။

ဂျာမီက သူ့သူငယ်ချင်းတွေနဲ့ အတူတူ ကစားချင်တာ။ ပြဿနာက သူ့အခန်းတစ်ခုလုံး ရှုပ်ပွနေတာကြောင့် ဘောလုံးကို လုံးဝ ရှာမတွေ့ဘူး။ အကြာကြီး မစောင့်ချင်ကြတဲ့ သူငယ်ချင်းတွေက ဂျာမီ့ကို ထားသွားတဲ့အခါ...။

